၁။ ကဗဠီကာရော ဟာရ .... ဩဇာရုပ်
၂။ ဖဿာဟာရ .... ဖဿ
၃။ မနောသဥ္စေတနာဟာရ .... စေတနာ
၄။ ဝိညာဏာဟာရ .... စိတ်အားလုံး

အာဟာရ တရား ၄-ပါး

လွန်စွာ ဆောင်၍၊ ကျေးဇူးပြု၊ လေးခု အာဟာရ၊

မှတ်သားရန်။ ။ဆောင်တတ်သောကြောင့် အာဟာရမည်၏၊
ကဗဠီကာရသည် ဩဇာနှင့်တကွ ရုပ် ၈-ပါးကို၊
ဖဿာဟာရသည် ဝေဒနာကို၊
စေတနာဟာရသည် ပဋိသန္ဓေ ဝိညာဏ်ကို၊
ဝိညာဏာဟာရသည် ဖြစ်ဘက် နာမ်ရုပ်ကို ဆောင်၏၊

ဩဇဋ္ဌမက ရူပံ ယေ, ဝေဒနံ ပဋိသန္ဓိကံ၊
နာမရူပံ အာဟာရန္တိ, တသ္မာ ဟာရာတိ ဝုစ္စရေ။

ယေ-အကြင်တရားတို့သည်၊ (ယထာက္ကမံ-အစဉ်အတိုင်း) ဩဇဋ္ဌမက ရူပံ-ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်ကိုင်း၊ဝေဒနံ-ဝေဒနာကိုင်း၊ ပဋိသန္ဓိကံ-ပဋိသန္ဓေ ဝိညာဏ်ကိုင်း၊ နာမ ရူပံ-အတူဖြစ်ဘက် နာမ်ရုပ်ကိုင်း။ အာဟာရန္တိ-ကိုယ်စီကိုယ်င ဆောင်ရွက်ဘတ်ကြကုန်၏၊တသ္မာ-ထို့ကြောင့်၊ ဘေ-ထိုတရား ၄-ပါးတို့ကို၊ အာဟာရာတိ-အာဟာရတို့ဟူ၍၊ ဝုစ္စရေ-ခေါ်ဆိုအပ်ကုန်၏။

ဤအာဟာရ ၄-ပါးမှတပါးသော သဘောတရားများသည်လည်း မိမိတို့သက်ဆိုင်ရာ အကျိုးတရားများအား အထောက်အပံ့ ကျေးဇူးပြုသော အကြောင်းခံ အနေအားဖြင့် ဆောင်ကြ ကျေးဇူးပြုကြပါလျက် အဘယ့်ကြောင့် ဤ ၄-ပါးကိုသာ ဆောင်တတ်ကျေးဇူးပြုတတ်သော တရားများဟု ခေါ်ရသနည်း မေးခဲ့သော် ဤတရား ၄-ပါးသည်သာ သတ္တဝါတို့၏ အဇ္ဈတ္တိက သန္တာန်မှာ ဖြစ်သော တရာ

ဆန္ဒော စိတ္တ မုပေက္ခာ စ, သဒ္ဓါပဿဒ္ဓိ ပီတိယော၊
သမ္မာဒိဋ္ဌိ စ သက်ပ္ပေါ, ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓိတိ, ဆုဒ္ဒသေတေ သဘာဝတော၊
သတ္တတိံသ ပဘေဒေန, သတ္တဓာ တတ္ထ သဂ်ဟော။
စိတ္တ-မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော ၄၂-ပါး၊
ဥပေက္ခာ-တတြမဇ္ဈတ္တတာ စေတသိက်၊
ပဿဒ္ဓိ-ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ၂-ပါးလုံး။

မှတ်သားရန်။ ။ဆုဒ္ဒသေတေ သဘာဝတော-ဖြင့် ဗောဓိပက္ခိယ တရားတို့၏ တရားကိုယ် ၁၄-ပါး ပြ၏။ (ပဿဒ္ဓိကို ၂-မျိုး ခွဲယူလျှင် ၁၅-ပါး ဖြစ်၏)

သတိ ဝီရိယ ဆန္ဒ စိတ္တ ပညာ သဒ္ဓါ သမာဓိ ပီတိ၊
ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တတြမဇ္ဈတ္တတာ ဝိတက် ဝိရတီ၊
သ ဝီ ဆန် စိ၊ ပဉ် သဒ် ဓိ၊ ပီ ပသ် တတ် ဝိ တီ။

သတ္တတိံသ ပဘေဒေန-ဖြင့် ဗောဓိပက္ခိယ တရားတို့၏ အသီး အသီး နာမည် အရေအတွက် ၃၇-ပါးကို ပြ၏၊ သတိပဋ္ဌာန် ၄-ပါး စသည်ရေတွက်ယူ၊ သတ္တဓာ တတ္ထ သဂ်ဟော-ဖြင့် သဂ်ဟ ၇-ပါးပြ၏။

ကိုးမည် ဝီရိ၊ ရှစ် သတိနှင့်၊ မှတ်သိ ဉာဏ်ငါး၊ လေးပါး ကဂ္ဂတာ၊ ဒွေ သဒ္ဓါတည်း၊ ပေက္ခာ သက်ပ်၊ ပဿဒ် ပီတိ၊ ဝိရတီ ဆန္ဒ၊ စိတ္တကိုးပါး၊ တမည်ပြားသည်၊ ဌာန်ပြား သုံးဆဲ့ခုနှစ်တည်း။

သဗ္ဗေ လောကုတ္တရေ ဟောန္တိ, နဝါ သက်ပ္ပ ပီတိယော။
ပဌမဈာန်၌ ဗောဓိပက္ခိယ ၃၇-ပါးလုံး ဖြစ်ကုန်၏၊
ဒု-တဈာန်၌ သက်ပ္ပ ဝိတက် မဖြစ်၍ ၃၆-သာ ဖြစ်၏၊
စတုတ္ထဈာန်၌ ပီတိ မဖြစ်၍ ၃၅-ပါးသာ ဖြစ်၏။
(သက်ပ္ပကို ဒု-တ၌၊ ပီတိကို စ-၌ မရအပ် ဟူလို)
လောကိ ယေပိ ယထာယောဂံ, ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ၊
ဗောဓိ အရ၊ ဆတ္တိံသ၊ ဘယ် ပုဂ္ဂလတွင် ဖြစ်သနည်း။
ဗောဓိ အရ၊ သတ္တိံသ၊ အရိယပုဂ္ဂလတွင် ဖြစ်သတည်း။

| ပသာဒခေတ် | အာရုံခေတ် | ဝိညာဏ်ခေတ် |
|---|---|---|
| စက္ခု | ရူပ | စက္ခုဝိညာဏ |
| သောတ | သဒ္ဒ | သောတဝိညာဏ |
| ဃာန | ဂန္ဓ | ဃာနဝိညာဏ |
| ဇိဝှါ | ရသ | ဇိဝှါဝိညာဏ |
| ကာယ | ဖောဋ္ဌဗ္ဗ | ကာယဝိညာဏ |
| မန | ဓမ္မ | မနောဝိညာဏ |

**ခေတ်တရား ၁၈-ပါး**

**မှတ်သားရန်။** ။ဒွိမိ သဘောကို ဆောင်တတ်သောကြောင့် ခေတ် မည်၏၊ မနာသတနသည် ဝိညာဏခေတ် ၇-ပါး ပြားလာ၏၊ ပဉ္စဝိညာဏ်သည် ပဉ္စဝိညာဏခေတ်၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း ဤ၃-ပါးသည် မနောခေတ်၊ ကျန်စိတ် ၇၆-ပါးသည် မနောဝိညာဏ ခေတ် မည်ကြ၏၊ ဓမ္မခေတ်သည် ဓမ္မာယတနနှင့် တူ၏။

**သတ္တ ဇီဝ၊ ကင်းစင်ပ၊ ဘာဝ ခေတ်တိုင်းဖြစ်၊**
**စိတ်မနော ၊ ခေတ်ဗွန်ဝေ၊ တွက်ရေခေတ်ဆဲ့ရှစ်။**

စက္ခု အစ ဖောဋ္ဌဗ္ဗ အဆုံး ရှိသော ခေတ်၁၀-ပါးသည် ရုပ်ခေတ် (ဩဠာရိကခေတ်)မည်၏၊ ဝိညာဏခေတ် ၇-ပါးသည် နာမ်ခေတ် မည်၏။ ဓမ္မခေတ်သည် ရုပ်နာမ် ရောသော မိဿက ခေတ် မည်၏။ (ရုပ် သက်သက် ၁၀၊ နာမ် သက်သက် ၇၊ မိဿက-၁ =၁၈ ) တနည်း ပသာဒခေတ် ၅-ပါး, အာရုံခေတ် အစ ၄-ပါး ဤ ၉-ပါးသည် သုဒ္ဓခေတ် မည်၏၊ ကျန်၉-ပါးသည် မိဿကခေတ် မည်၏။

---

၁။ ဒုက္ခသစ္စာ ၃။ နိရောဓသစ္စာ
၂။ သမုဒယ သစ္စာ ၄။ မဂ္ဂသစ္စာ

**သစ္စာ တရား ၄-ပါး**

**မှတ်သားရန်။** ။အရိယသစ္စာ၊အရိယာ၏ သစ္စာနိ အရိယသစ္စာနိ၊ အရိယာ၏ အဖြစ်ကို ပြုတတ်ကုန်သော အမှန်တရားများသည် အရိယ

## တနည်းရှုဘွယ်

၁။ အန္နံ ပါနံ ခါဒနီယံ, ဘောဇနဥ္စ မဟာရဟံ၊
ဧက ဒွါရေန ပဝိသိတွာ, နဝ ဒွါရေဟိ သန္ဒတိ။
၂။ အန္နံ ပါနံ ခါဒနီယံ, ဘောဇနဥ္စ မဟာရဟံ၊
ဘုဥ္ဇတေ သ-ပရိဝါရော, နိက္ခာ မေကေန နိလီယတိ။
၃။ အန္နံ ပါနံ ခါဒနီယံ, ဘောဇနဥ္စ မဟာရဟံ၊
ကောရတ္တိ ပရိဝါသာ, သဗ္ဗံ ဘဝတိ ပူတိကံ။

၁၊ မဟာရဟံ-မြတ်သော သူတို့နှင့်သာ ထိုက်တန်သော၊ အန္နံစ-ထမင်းသည်၎င်း၊ ပါနံစ-အဖျော်သည်၎င်း၊ ခါဒနီယံစ- ခဲဘွယ်သည်၎င်း၊ ဘောဇနဥ္စ-ဘောဇဉ်သည်၎င်း၊ ဧကဒွါရေန-တပေါက်သော ဒွါရဖြင့်၊ ပဝိသိတွာ-ဝင်သွားပြီး၍၊ နဝဒွါရေဟိ-ကိုးပေါက်သော ဒွါရတို့မှ၊ သန္ဒတိ-တစိမ့်စိမ့် တစက်စက် ယိုစီး၍ ထွက်လာရ၏။

၂။ အခြွေ အရံတွေနှင့် ဝန်းဝိုင်း စားသောက်ပြီး စွန့်ပစ်သော အခါ၌ ပုံးလျှိုး ကွယ်လျှိုး စွန့်ရ၏။

၃၊ တညဉ့်မျှ ဝမ်းတွင်း၌ သိပ်ပြီးပါက အားလုံးသော ခဲဘွယ် ဘောဇဉ် အစာ အာဟာရသည် ပုပ်သိုးသွားလေတော့၏။

စတုဓာတု ဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။

ဤခန္ဓာကိုယ်၌ ရှိသော ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်ကြီး လေးပါးကို ပိုင်းခြား မှတ်သားသော ဉာဏ်သည် စတုဓာတု ဝဝတ္ထာန် မည်၏။

အာကာသာနဥ္စာ ယတနာဒယော စတ္တာရော အာရုပ္ပါနာမ

အာကာသာနဉ္စာ ယတန စသော ၄-ပါးတို့သည် အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါး မည်၏။

သမထနည်း ကမ္မဋ္ဌာန်း ၄၀-ပြီး၏

မြေလျှိုးခြင်း၊ မိုးပျံခြင်း စသော တံခိုး အမျိုးမျိုးကို ဖြစ်စေနိုင်သော အသိဉာဏ်သည် ဣဒ္ဓိဝိဓ အဘိညာဏ် မည်၏၊ မနော မယိဒ္ဓိ အဘိညာဏ်လည်း ခေါ်သေး၏။

၂။ **ဒိဗ္ဗသောတ**။ ။အနီးအဝေးဖုံးကွယ်ရာ အရပ်တို့၌ရှိသော အသံကို နတ်၏ နားကဲ့သို့ ကြားသိခြင်းငှါ စွမ်းနိုင်သော ဉာဏ် အထူးသည် ဒိဗ္ဗသောတ အဘိညာဏ် မည်၏။

၃။ **ပရစိတ္တဝိဇာနန**။ ။ ရှေ့နောက် ၇-ရက်စီ တိုင်အောင် သူတပါး၏ စိတ်တို့ကို သိတတ်သော ဉာဏ်အထူးသည် ပရစိတ္တဝိဇာနန အဘိ ညာဏ် မည်၏၊ စေတော ပရိယ အဘိ ညာဏ် ဟူ၍လည်း ခေါ်သည်။

၄။ **ပုဗ္ဗေနိဝါသာနုဿတိ**။ ။ ရှေးရှေး ဘဝ များစွာက ဖြစ်ပျက် ခဲ့သမျှ အကြောင်း အရာ အခြေ အနေ အားလုံးကို သိစွမ်း နိုင်သော ဉာဏ် အထူးသည် ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဏ် မည်၏။

၅။ **ဒိဗ္ဗစက္ခု**။ ။နတ် မျက်စိကဲ့သို့ ပေးရာ ကွယ်ရာတွင် ရှိသော သေးငယ်သော အဆင်းကို မြင်နိုင်စွမ်းသော အဘိညာဏ်သည် ဒိဗ္ဗစက္ခု အဘိညာဏ် မည်၏။

၆။ **ယထာကမ္မူပဂ**။ ။ ကံအား လျော်စွာ ထိုထို ဘုံ ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့ကို မြင်နိုင်သော အဘိညာဏ်သည် ယထာ ကမ္မူပဂ အဘိညာဏ် မည်၏၊

၇။ **အနာဂတံသ**။ ။ နောင် အနာဂတ်၌ ဖြစ်မည့် အခြင်း အရာကို သိမြင် နိုင်သော အသိဉာဏ် အထူးသည် အနာဂတံသ အဘိညာဏ် မည်၏၊ဤ(၆)နှင့်(၇) ၂-မျိုးကို ဒိဗ္ဗစက္ခု အဘိညာဏ်၌ သွင်းကာ သင်္ဂြိုဟ်ကျမ်း၌ အဘိညာဏ် ငါးပါးသာ ပြလေသည်။

အဘိညာဏ် ၆-ပါး ခေါ်ရာ၌ အာသဝေါ တရားတို့ကို ကုန်ခန်း စေနိုင်သော အရဟတ္တ မဂ်ညာဏ် တည်းဟူသော အာသဝက္ခယ ဉာဏ်ကို ဒိဗ္ဗစက္ခု နောက်က ထည့်လေ။

**သမထကမ္မဋ္ဌာန်း ပြီး၏**

---

**မှတ်သားရန်။** ။အရဟာ–ကိလေသာတို့မှကင်းဝေးသောကြောင့် ရဟန္တာခေါ်၏၊ ထို အခါ အောက်မဂ်များဖြင့် မပယ်ရသေးသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ပါး နှင့် ဥဒ္ဓစ္စကို အကြွင်းမဲ့ ပယ်သတ် တော်မူသည်။

**အဂ္ဂဒက္ခိဏေယျ။** ။အဂ္ဂ–အမြတ်ဆုံး၊ ဒက္ခိဏာ– အလှူကို၊ ယျေ–ခံထိုက်သူ အလှူခံပုဂ္ဂိုလ်အပေါင်းတို့တွင် အမြတ်ဆုံး အလှူခံ ပုဂ္ဂိုလ် ဖြစ်သည်၊ သန့်ရှင်း စင်ကြယ်သော လယ်ယာ မြေကောင်း၌ စိုက်အပ်သော ကောက်ပဲ့ သီးနှံသည် ကောင်းမွန်စွာ အောင်မြင် သကဲ့သို့ ကိလေသာ အညစ်အကြေး ကင်းဝေး စင်ကြယ်ပြီးသော ရဟန္တာ အရှင်မြတ်အားလှူအပ်သော အကျိုးသည် ကောင်းမွန် အထက်သန်ဆုံး အမြတ်ဆုံး ဖြစ်သည်။

ဒိဋ္ဌိ ဝိစိကိစ္ဆာကို သောတာပတ္တိ မဂ်ဖြင့် သာ ပယ်သည်၊ ဥဒ္ဓစ္စကို အရဟတ္တ မဂ်ဖြင့်သာ ပယ်သည်၊ ဋ္ဌိဂတ ဝိပ္ပယုတ် ၄–ပါးနှင့် ဒေါသမူ ၂ ခုကို မူကား သောတာပတ္တိ မဂ်ဖြင့် အပါယ ဂမနီယ သတ္တိကိုပယ်သည်၊ သကဒါဂါမိ မဂ်ဖြင့် တနုကရ ခေါင်းပါးရုံ ပြုနိုင်သည်၊ အနာဂါမိ မဂ်ဖြင့် ဒေါသမူ ၂ ခုကို အကြွင်းအကျန် မရှိအောင် ပယ်၍ ဒိဋ္ဌိဂတ ဝိပ္ပယုတ်ကို ကာမရာဂ သတ္တိမျှသာ ပယ်သည်၊အရဟတ္တ မဂ်ဖြင့် ရူပရာဂ အရူပရာဂ သတ္တိကို ပယ်သည်၊ ဝါ–ဘာမှ မကျန်အောင် ကိလေသာ အားလုံးကို ပြောင်သလင်းခါပယ်သည်။

---

## သမာပတ် အပြား

ဆက်ဦးအံ့–ဤပုဂ္ဂလဘေဒ၌ ဖလသမာပတ် ဝင်စားနိုက်ဝယ် အားလုံးသော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့မှာ (ယထာသက ဖလဝသေန)အကြင်အကြင် မိမိပိုင် ဖိုလ်၏ အစွမ်းဖြင့် ဆက်ဆံကြကုန်သည်သာတည်း။

အနာဂါမိ ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ် ၂–မျိုးသည်သာ နိရောဓ သမာပတ် ဝင်စားနိုင်ကြသည်။

( ခ ) အဓိပတိ တပ်ခိုက် တပ်နေ အဓိပတိတရားကိုယ် ကြည့်အပ်သော သာဓိပတိဇော ၅၂-ခု, ဝိပါကိစ္စာ ကြည့် သော စေတသိက် ဧကပညာသ, သာဓိပတိ ဗိဇ္ဇာ့ဇရုပ် ဤ တရားတို့သည် သဟဇာတာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

၄။ အနန္တရ ပစ္စယော၌.... ၂-ပါး အပြားရှိ၏ ထိုတွင်–

(က) ရဟန္တာတို့၏ စုတိ ကြည့်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ ဤတရား တို့သည် အနန္တရ ပစ္စည်း တပ်သော တရားမည်ကုန်၏၊

( ခ ) ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ ဤ တရားတို့သည် အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

၅။ သမနန္တရ ပစ္စည်းသည် အနန္တရနှင့် တူ၏။

၆။ သဟဇာတ ပစ္စယော၌........ထို ၂-ပါးတို့တွင်

(က) အချင်းချင်း အားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အားရင်း အလုံးစုံသော စိတ် တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး အချင်းချင်းအားရင်း ဥပါဒါ ရုပ်အားရင်း တပ်သော စိတ္တဇ ပဋိသန္ဓေ ကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိ ကမ္မဇ အားဖြင့် အလုံးစုံသော မဟာဘုတ် ၄-ပါး, ပဋ္ဌာနေါကာရ

၁။ သဟဇာတတ္တိကသည် သဟဇာတပစ္စည်းနှင့် တူ၏။
၂။ ဝတ္ထုပုရေဇာတတ္တိကသည် ဝတ္ထုပုရေဇာတနိဿယနှင့်
၃။ ဝတ္ထာရမ္မဏသည် ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်
၄။ အာရမ္မဏပုရေဇာတတ္တိကသည်အာရမ္မဏပုရေဇာတနှင့်
၅။ ပစ္ဆာဇာတတ္တိကသည် ပစ္ဆာဇာတနှင့်
၆။ အာဟာရတ္တိက သည် ရုပ်အာဟာရတ္တိက နှင့်
၇။ ဣန္ဒြိယတ္တိကသည် ရူပဇီဝိတိန္ဒြိယတ္တိကနှင့် တူ၏။

၂၂-၂၃။ နတ္ထိ, ဝိဂတသည် အနန္တရ ပစ္စည်းနှင့် တူ၏။
၂၄။ အဝိဂတသည် အတ္ထိ ပစ္စည်းနှင့် တူ၏၊

ပဋ္ဌာန်း နှစ်ချက်စု ပြီး၏

---

## အဘိဓမ္မာ သင်တန်း
## စလယ် ဆုံး အားလုံး ပြီးပြီ

ပဉ္စာ သင်္ဃာ သုခါယန္တု,
ဝိယာယန္တု ပမောဒိတာ,
ဝဍ္ဎန္တု သိရိယော လောကေ,
ဓမေန္တု ဘာဝ မင်္ဂလေ။